ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၄/၂၀၂၂)

၂၀၂၂ ခုနှစ်၊ မေလ (၄) ရက်

# အသိအမှတ်ပြုကြောင်းကြေညာခြင်း

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ၂၀၂၁ ခုနှစ်၊ မေလ (၁၅) ရက်နေ့တွင် ကြေညာချက်အမှတ် (၁၂/၂၀၂၁) ဖြင့် ကြားကာလအခြေခံပညာသင်ကြားရေးအတွက် မြို့နယ်အလိုက် ပညာရေးဘုတ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြပါရန် တိုက်တွန်းကြောင်းကို ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ ပညာရေးဝန်ကြီးဌာနသို့ မြို့နယ်အလိုက် ပညာရေးဘုတ်အဖွဲ့များ ဖွဲ့စည်းပြီး ဖြစ်ကြောင်းကို moe@nugmyanmar.org နှင့် basicedu@moe.nugmyanmar.org များသို့ မေလ (၃) ရက်နေ့ ညနေ (၅) နာရီအထိ ပေးပို့လာသော အောက်ဖော်ပြပါ မြို့နယ်ပညာရေး ဘုတ်အဖွဲ့များကို အသိအမှတ်ပြုပါကြောင်းနှင့် ဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မဟာဗျူဟာ၊ မူဝါဒနှင့်အညီ ဝန်ကြီးဌာန၏ စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ပညာရေးလုပ်ငန်းစဉ်များနှင့် CDM ကိစ္စရပ်များကို မြို့နယ်ပညာရေးဘုတ်အဖွဲ့များနှင့်အတူ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

(၁) လှိုင်မြို့နယ်ပညာရေးဘုတ်အဖွဲ့

(၂) ကျောက်တံတားမြို့နယ်ပညာရေးဘုတ်အဖွဲ့

(၃) တန့်ယန်းမြို့နယ်ပညာရေးဘုတ်အဖွဲ့

(၄) မုဒုံမြို့နယ်ပညာရေးဘုတ်အဖွဲ့

(၅) ပုသိမ်ကြီးမြို့နယ်ပညာရေးဘုတ်အဖွဲ့

(၆) သာပေါင်းမြို့နယ်ပညာရေးဘုတ်အဖွဲ့

(၇) ပေါင်းတည်မြို့နယ်ပညာရေးဘုတ်အဖွဲ့

(၈) သဲကုန်းမြို့နယ်ပညာရေးဘုတ်အဖွဲ့

(၉) ဟားခါးမြို့နယ်ပညာရေးဘုတ်အဖွဲ့

၃။ မြို့နယ်ပညာရေးဘုတ်အဖွဲ့ ဖွဲ့စည်းပြီး ဖြစ်သော်လည်း moe@nugmyanmar.org နှင့် basicedu@moe.nugmyanmar.org များသို့ Email ပေးပို့ရန် နှင့် ဖွဲ့စည်းရန် ကျန်ရှိသောမြို့နယ်များမှ မြို့နယ်ပညာရေးဘုတ်အဖွဲ့များ ဖွဲ့စည်းပြီးပါက ဖွဲ့စည်းပြီးဖြစ်ကြောင်းကို အဆိုပါ Email လိပ်စာများသို့ ဆက်သွယ်ပေးပို့ပေးပါရန်နှင့် ဆက်သွယ်ပေးပို့လာမှုအတိုင်း အသိအမှတ်ပြုကြောင်းကို ဆက်လက်ထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

**ဒေါက်တာဇော်ဝေစိုး**
**ပြည်ထောင်စုဝန်ကြီး**
**ပညာရေးဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**